**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**
**ပြည်ထောင်စုဝန်ကြီးရုံး**

**<u>အမိန့်ကြော်ငြာစာ</u>**

အမှတ်၊ ၆၄ / ၂၀၁၉

၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်
(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၅ ရက်)

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ၂၀၁၈ - ၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ ပုဒ်မ ၄၀ ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်လိုက်သည်။

**ဘဏ္ဍာရေးနှစ်ပြောင်းလဲခြင်းအတွက် အကူးအပြောင်းကာလအတွင်း အခွန်စည်းကြပ်ကောက်ခံမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ**

၁။ ဤလုပ်ထုံးလုပ်နည်းများကို ဘဏ္ဍာရေးနှစ်ပြောင်းလဲခြင်းအတွက် အကူးအပြောင်းကာလအတွင်း အခွန်စည်းကြပ်ကောက်ခံမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများဟု ခေါ်တွင်စေရမည်။

၂။ ဤလုပ်ထုံးလုပ်နည်းများပါ စကားရပ်များသည် သက်ဆိုင်ရာဥပဒေများနှင့် ၂၀၁၈-၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေတို့၌ ဖော်ပြထားသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။

၃။ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှအပ ကျန်အခွန်ထမ်းအားလုံးနှင့်စပ်လျဉ်း၍ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့အထိကာလအတွက် အခွန်စည်းကြပ်ကောက်ခံရာတွင် ဤလုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်ရမည်။

၄။ အထူးကုန်စည်ခွန်နှင့်စပ်လျဉ်း၍ သမဝါယမနှင့် ပုဂ္ဂလိကကဏ္ဍများအတွက် ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ကာလအတွင်း ပြည်တွင်း၌ ထုတ်လုပ်ရောင်းချသည့် ဆေးရွက်ကြီး၊ ဆေးပေါ့လိပ်နှင့် ဆေးပြင်းလိပ် ထုတ်လုပ်ရောင်းချခြင်းမှ စုစုပေါင်းရောင်းရငွေကို နှစ်ဆပြုလျှင် ကျပ်သိန်း ၂၀၀ ထက်ပိုမည်ဖြစ်ပါက အဆိုပါကာလအတွင်း ရရှိသည့်ရောင်းရငွေနှင့်စပ်လျဉ်း၍ အထူးကုန်စည်ခွန်ဥပဒေနှင့် ၂၀၁၈-၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အထူးကုန်စည်ခွန်စည်းကြပ်ရမည်။

၅။ ကုန်သွယ်လုပ်ငန်းခွန်နှင့်စပ်လျဉ်း၍ သမဝါယမနှင့် ပုဂ္ဂလိကကဏ္ဍများအတွက် ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ကုန်စည်များကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်း၊ ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့မှ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ကာလအတွင်းရရှိမည့် စုစုပေါင်း ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေကို နှစ်ဆပြု၍ ကျပ်သိန်း ၅၀၀ ထက်ပိုမည်ဖြစ်ပါက အဆိုပါကာလအတွင်း ရရှိမည့်ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေအပေါ်တွင် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေနှင့် ၂၀၁၈-၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကုန်သွယ်လုပ်ငန်းခွန် စည်းကြပ်ရမည်။

၆။ ဝင်ငွေခွန်နှင့်စပ်လျဉ်း၍ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ကာလ အတွက် အောက်ပါအတိုင်းဆောင်ရွက်ရမည် -

(က) လစာခေါင်းစဉ်မှ ဝင်ငွေဖြစ်ပါက အဆိုပါကာလအတွင်း ရရှိမည့်ဝင်ငွေကို နှစ်ဆပြု၍ ကျပ် ၄၈ သိန်း ထက်မပိုပါက မည်သူ့ကိုမျှ ဝင်ငွေခွန်စည်းကြပ်ခြင်းမပြုရ၊ နှစ်ဆပြု၍ ရရှိသောဝင်ငွေသည် ကျပ် ၄၈ သိန်းထက်ပိုပါက ယင်းဝင်ငွေမှ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များခုနှိမ်ပြီး ကျန်ဝင်ငွေအပေါ်တွင် ဝင်ငွေခွန်တွက်ချက်ရမည်။ တွက်ချက်ရရှိသော ဝင်ငွေခွန်၏ ထက်ဝက်သည် ကျသင့်ဝင်ငွေခွန်ဖြစ်သည်။

(ခ) ပစ္စည်းငှားရမ်းခခေါင်းစဉ်မှ ဝင်ငွေဖြစ်ပါက -

(၁) ငှားရမ်းခရငွေသည် တစ်နှစ်အောက်ကာလအတွက်ဖြစ်ပါက ပျှမ်းမျှတစ်နှစ်စာ ငှားရမ်းခရငွေဖြင့် တွက်ချက်ရမည်။

(၂) ငှားရမ်းခရငွေသည် တစ်နှစ် သို့မဟုတ် တစ်နှစ်ထက်ပိုသောကာလအတွက် ဖြစ်ပါက ထိုငှားရမ်းခရငွေစုစုပေါင်းဖြင့် တွက်ချက်ရမည်။

(၃) အပိုဒ်ခွဲငယ်(၁) သို့မဟုတ် အပိုဒ်ခွဲငယ်(၂) အရ တွက်ချက်ရရှိသည့် ငှားရမ်းခရငွေမှ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များခုနှိမ်ပြီး ကျန်ငွေအပေါ် ဝင်ငွေခွန် တွက်ချက်ရမည်။

(၄) ငှားရမ်းခရငွေသည် တစ်နှစ်အောက်ကာလအတွက်ဖြစ်ပါက ကျသင့်ဝင်ငွေခွန်ကို အောက်ပါအတိုင်း တွက်ချက်ရမည် -

$$\textbf{ကျသင့်ဝင်ငွေခွန်} = \frac{\textbf{တွက်ချက်ရရှိသည့် ဝင်ငွေခွန်} \times \textbf{ငှားရမ်းသည့်လပေါင်း}}{\textbf{၁၂}}$$

(၅) ငှားရမ်းခရငွေသည် တစ်နှစ် သို့မဟုတ် တစ်နှစ်ထက်ပိုသော ကာလအတွက် ဖြစ်ပါက တွက်ချက်ရရှိသည့်အခွန်သည် ကျသင့်ဝင်ငွေခွန် ဖြစ်သည်။

(ဂ) အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်း၊ စီးပွားရေးလုပ်ငန်းနှင့် အခြားရလမ်းများမှ ဝင်ငွေ ခေါင်းစဉ်တို့ဖြစ်ပါက စုစုပေါင်းဝင်ငွေမှ အသုံးစရိတ်နုတ်ပယ်ပြီး ရရှိသည့် ငွေကို နှစ်ဆပြု၍ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များခုနှိမ်ပြီး ကျန်ဝင်ငွေ အပေါ် ဝင်ငွေခွန် တွက်ချက်ရမည်။ တွက်ချက်ရရှိသော ဝင်ငွေခွန်၏ ထက်ဝက်သည် ကျသင့်ဝင်ငွေခွန်ဖြစ်သည်။

(ဃ) အပိုဒ်ခွဲ (ခ) နှင့် အပိုဒ်ခွဲ (ဂ) ပါ လုပ်ထုံးလုပ်နည်းများသည် အောက်ပါအခွန်ထမ်း အမျိုးအစား သို့မဟုတ် ဝင်ငွေအမျိုးအစားများနှင့်သာ သက်ဆိုင်စေရမည် -

(၁) တစ်ဦးချင်းပုဂ္ဂိုလ်များ၊

(၂) အစုစပ်လုပ်ငန်းများ၊

(၃) သမဝါယမအသင်းဥပဒေအရမှတ်ပုံတင်ဖွဲ့စည်းထားသည့် အခြေခံသမဝါယမ အသင်းများ။

(င) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထုတ်ပေးသည့်ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သော လုပ်ငန်းများ၊ ကုမ္ပဏီများ၊ အခြေခံသမဝါယမအသင်းမှအပဖြစ်သော သမဝါယမ အသင်းများဖြစ်ပါက စုစုပေါင်းဝင်ငွေမှ အသုံးစရိတ် (တန်ဖိုးလျော့ခွင့်ပြုငွေ၊ အတိုး ပေးငွေ၊ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆-က အရ လျှော့ဒါန်းငွေတို့မပါ။) ကို နုတ်ပယ်ရမည်။ ထိုသို့နုတ်ပယ်ပြီး ရရှိသည့်ငွေကို နှစ်ဆပြုရမည်။ ယင်းနှစ်ဆပြု၍ ရရှိသည့်ဝင်ငွေမှ စည်းမျဉ်းများအရခွင့်ပြုသည့် တန်ဖိုးလျော့ခွင့်ပြုငွေ၊ ယင်းကာလအတွင်း အမှန် တကယ် ပေးချေသည့် အတိုးပေးငွေတို့ကို ဦးစွာနုတ်ပယ်ရမည်။ ယင်းသို့ နုတ်ပယ်ပြီး ရရှိသည့်ဝင်ငွေမှ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆-က အရ ခွင့်ပြုလှူဒါန်းငွေကို ထပ်မံ နုတ်ပယ်၍ ကျန်ဝင်ငွေအပေါ် အခွန်ထမ်းအမျိုးအစားအလိုက် သီးခြားသတ်မှတ်ပေး ထားသော ဝင်ငွေခွန်နှုန်းများအတိုင်း ဝင်ငွေခွန် တွက်ချက်ရမည်။ တွက်ချက်ရရှိသော ဝင်ငွေခွန်၏ ထက်ဝက်သည် ကျသင့်ဝင်ငွေခွန် ဖြစ်သည်။

(စ) အခြေပစ္စည်းမှမြတ်စွန်းငွေ ခေါင်းစဉ်မှ ဝင်ငွေဖြစ်ပါက အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း ပြုလုပ်သည့် စုစုပေါင်းတန်ဖိုးသည် ကျပ်သိန်း ၁၀၀ ထက်မပိုလျှင် မြတ်စွန်းငွေ ပေါ်ပေါက်စေကာမူ ဝင်ငွေခွန်စည်းကြပ်ခြင်းမပြုရ။

(ဆ) စည်းကြပ်မှုမှလွတ်ကင်းနေသောဝင်ငွေခေါင်းစဉ်မှ ဝင်ငွေဖြစ်ပါက အဆိုပါကာလ အတွင်း ပေါ်ထွက်သောငွေကို လည်းကောင်း၊ ပေါ်ထွက်သောပစ္စည်းတန်ဖိုးနှင့် ယင်း ပစ္စည်းရယူရာတွင် ကုန်ကျသည့်ငွေအားလုံးကို လည်းကောင်း ဝင်ငွေအဖြစ် သတ်မှတ် ၍ စည်းကြပ်ရမည်။

(ဈ) ပြည်ပနေနိုင်ငံသား၏ လစာဝင်ငွေခေါင်းစဉ်မှတစ်ပါး အဆိုပါကာလအတွင်း နိုင်ငံခြားငွေဖြင့် ပြည်ပတွင်ရရှိသည့် စုစုပေါင်းဝင်ငွေအပေါ် တစ်ဆယ်ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

(ဈ) အသစ်ထူထောင်သောစက်မှုလက်မှုကိုအခြေခံသည့် အသေးစား၊ အလတ်စားလုပ်ငန်းများအတွက် အဆိုပါ ခြောက်လတာကာလသည် လုပ်ငန်းစတင်သောနှစ်အပါအဝင် တစ်ဆက်တည်း သုံးနှစ်ကာလအတွင်း ကျရောက်ပါက ယင်းခြောက်လအတွင်း ရရှိသည့်စုစုပေါင်း အသားတင်အမြတ်ဝင်ငွေကိုနှစ်ဆပြုရမည်။ ယင်းသို့ နှစ်ဆပြု၍ ရရှိသောအသားတင်အမြတ်ဝင်ငွေသည် ၂၀၁၈-၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ ပုဒ်မ ၂၉ အရ -

(၁) ကျပ်သိန်း ၁၀၀ အထိ ဝင်ငွေခွန်ကင်းလွတ်သည်၊

(၂) ကျပ်သိန်း ၁၀၀ ထက်ပိုမို ရရှိပါက ပိုမိုရရှိသည့်ဝင်ငွေအပေါ်တွင် ဝင်ငွေခွန်တွက်ချက်ရမည်၊

(၃) အပိုဒ်ခွဲငယ် (၂) ပါအတိုင်း တွက်ချက်ရရှိသည့် ဝင်ငွေခွန်၏ ထက်ဝက်သည် အဆိုပါ ကာလအတွက် ယင်းလုပ်ငန်းကထမ်းဆောင်ရမည့် ဝင်ငွေခွန်ဖြစ်သည်။

(ည) နိုင်ငံခြားသားတစ်ဦးချင်းပုဂ္ဂိုလ်ဖြစ်ပါက အဆိုပါခြောက်လတာကာလ၌ နိုင်ငံတော်အတွင်း အမှန်နေထိုင်သည့်ရက်၏ နှစ်ဆသည် ရက်ပေါင်းတစ်ရာရှစ်ဆယ့်သုံးရက်နှင့်အထက်ဖြစ်ပါက ပြည်တွင်းနေ နိုင်ငံခြားသားဟုမှတ်ယူ၍ ဝင်ငွေခွန်တွက်ချက်စည်းကြပ်ရမည်။

(ဋ) ပြည်ပနေနိုင်ငံခြားသားနှင့်စပ်လျဉ်း၍ -

(၁) လစာခေါင်းစဉ်မှအပ အခြားဝင်ငွေဖြစ်ပါက ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များနုတ်ပယ်ခြင်းမပြုဘဲ အပိုဒ်ခွဲ (င) ပါအတိုင်း ဝင်ငွေခွန်တွက်ချက်စည်းကြပ်ရမည်။

(၂) လစာခေါင်းစဉ်မှ ဝင်ငွေဖြစ်ပါက ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ၆ က တို့ အရ သက်သာခွင့်များ နုတ်ပယ်ခြင်းမပြုဘဲ စုစုပေါင်းဝင်ငွေကို နှစ်ဆပြု၍ ၂၀၁၈-၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက် ဥပဒေ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ) ပါ အခွန်နှုန်းများအတိုင်း ဝင်ငွေခွန် တွက်ချက်ရမည်။ တွက်ချက်ရရှိသော ဝင်ငွေခွန်၏ထက်ဝက်သည် ကျသင့်ဝင်ငွေခွန်ဖြစ်သည်။

(ဌ) ဝင်ငွေခွန်ဥပဒေပုဒ်မ ၂၀ ပါ ဝင်ငွေရလမ်း တစ်ခုခုမှ ဆုံးရှုံးငွေခုနှိမ်ခြင်းနှင့် စပ်လျဉ်း၍ အဆိုပါခြောက်လတာကာလကို နှစ်တစ်နှစ်အဖြစ်သတ်မှတ်၍ ခုနှိမ်ပေးရမည်။

၇။ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့ အထိ ခြောက်လတာကာလ အတွက် ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၇ အရ ဝင်ငွေကြေညာလွှာနှင့် ပုဒ်မ ၁၈ အရ လစာနှစ်ချုပ်စာရင်း တို့ကို လည်းကောင်း၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၁၃ အရ နှစ်ချုပ် ကြေညာလွှာကိုလည်းကောင်း အဆိုပါ ကာလကုန်ဆုံးပြီး သုံးလအတွင်းပေးပို့ရမည်။

စိုးဝင်း
ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ စဘ/ ဘဏ္ဍာ - ၂/ ၁/ ၂၉၅ (၃၃၉၃ /၂၀၁၉)
ရုံးတံဆိပ်ခေါင်း/နေပြည်တော်၊ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၅ ရက်

<u>ဖြန့်ဝေခြင်း</u>

နိုင်ငံတော်သမ္မတရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး
နေပြည်တော်ကောင်စီ

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ရုံးများအားလုံး
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး
မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး
မြန်မာနိုင်ငံစာရင်းကောင်စီ
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ ဌာနအဖွဲ့အစည်းများအားလုံး
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနသို့ မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။
ဤဝန်ကြီးရုံး၊ ဌာနခွဲများအားလုံး

အမိန့်အရ

5/8/2019
(ထွန်းထွန်းနိုင်)
အမြဲတမ်းအတွင်းဝန်